သာသနာ့ဥသျှောင် အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ချုပ်
SĀSANAMOLI
INTERNATIONAL BURMESE MONKS ORGANIZATION
84-32, Apt#2A, GRAND AVE, ELMHURST, NY 11373, U.S.A. Tel & Fx: (718) 426-3959

# ကြေငြာချက်

အပြည်ပြည်ဆိုင်ရာမြန်မာရဟန်းတော်များအဖွဲ့ချုပ်အနေဖြင့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မြန်မာပြည်သူလူထု တစ်ရပ်လုံးက တခဲနက်ထောက်ထောက်ခံမဲပေး ရွေးချယ်ခဲ့သော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား မြန်မာ အာဏာပိုင်များက မတရားအမှုဆင်၍ ဖမ်းဆီးထောင်ချထားခြင်းကို ပြင်းပြင်းထန်ထန်ကန့်ကွက်ကြောင်းနှင့် ဒေါ်အောင်ဆန်း စုကြည်အား ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေး ရန်တောင်းဆိုလိုက်သည်။

သာသနာ့ဥသျှောင်အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့အနေဖြင့် ယခုဖြစ်ပျက်မှုကို လေ့လာသောအခါ ဝမ်းနည်း ဘွယ်ရာ လုံခြုံမှုအပြည့်အဝမရှိဘဲ နေရရှာသော ဒေါ်အောင်ဆန်းစုကြည်နှင့် အဖော် ၂ ဦးတို့တွင် လုံးဝအပြစ်မရှိကြောင်းနှင့် နိုင်ငံခြားသားကို အိမ်တွင်းဝင်နိုင်အောင် ဖန်တီးပေးခဲ့သော မြန်မာအာဏာပိုင်များတွင်သာ တာဝန်ရှိကြောင်းတွေ့ရသည်။

ဒီပဲယင်းလူသတ်ပွဲတွင် အပြစ်ရှိသော လူသတ်သမားများအား အရေးယူမည့်အစား အတိုက်အခိုက်ခံရပြီး အသက်မသေ ဘဲ လွတ်မြောက်လာသောသူများအား နှုတ်ပိတ်သွားစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် မျက်မြင်သက်သေဖြစ်သော ဒေါ်အောင် ဆန်းစုကြည်အားချုပ်နှောင်ခဲ့ခြင်းသည် သူခိုးက လူလူဟစ်အော်ခြင်းမျိုးသာဖြစ်သဖြင့် မူလကတည်းက မှားယွင်းနေသော အမှုဖြစ်သည်။

ယခုတဖန် ထိုမှားယွင်းမှု၊ တရားဥပဒေမဲ့ ပြုလုပ်ထားမှုကို ပြန်လည်ပြင်ဆင်ရမည့်အစား ယဉ်ကျေးသော ကမ္ဘာ့အသိုင်း အဝိုင်းက လက်မခံနိုင်သောအမှုကြီးကို ထပ်မံကျူးလွန်းလိုက်ကြသည်။ ထိုသို့ပြုလုပ်ပြလိုက်ခြင်းဖြင့် မြန်မာပြည်သူလူထု တရပ်လုံး နှင့်တကွ တကမ္ဘာလုံးကိုပါ စော်ကားလိုက် ခြင်းဖြစ်သည်။

ယခုအမှုတွင် တာဝန်ရှိသူများကိုအရေးယူရမည့်အစား မတရားဖမ်းဆီးထားသောအချိန် ၆ နှစ်ပြည့် ပြန်လွှတ်ရမည့် အချိန် ရက်ပိုင်းအလိုတွင်မှ ဆက်လက်ဖမ်းဆီးချုပ် နှောင်ထားလိုသဖြင့် အကွက်ကျကျ စီမံဖန်တီးကာ ပြုလုပ်ချက် တစ်ရပ် သာ ဖြစ်ကြောင်း တွေ့ရှိရသဖြင့် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ဝင်း၊ သမီး မဝင်းပပ နှင့် မိသားစုဆရာဝန်ဒေါက်တာ တင်မျိုးဝင်း တို့အား အမြန်ဆုံး ပြန်လွှတ်ပေးရန် ထပ်မံတောင်းဆိုလိုက်သည်။

အပြည်ပြည်ဆိုင်ရာမြန်မာရဟန်းတော်များအဖွဲ့ချုပ်
နယူးယောက်မြို့ အမေရိကန်နိုင်ငံ
၂၀၀၉ မေလ ၁၅ ။ သောကြာနေ့